
## ပင်လုံစာချုပ် ချုပ်ဆိုခြင်း၏ ရည်ရွယ်ချက်

ပင်လုံစာချုပ်ချုပ်ဆိုရခြင်း၏ ပထမရည်ရွယ်ချက်သည် ပင်လုံစာချုပ်၏ နိဒါန်းတွင် ဖော်ပြထား သည့်အတိုင်း "ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းလိုက်ခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာ ရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်များက ယုံကြည်သည့်အတိုင်း" အချက် (၉) ချက်ပါဝင်သော ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ရှမ်း၊ ကချင် နှင့် ချင်း တို့သည် သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြားအမျိုးသားနိုင်ငံများ ထူထောင်ပိုင်ခွင့်ရှိသော်လည်း ကြားဖြတ်မြန်မာအစိုးရနှင့် ပူးပေါင်းလိုက်ခြင်းအားဖြင့် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာ ရရှိကြမည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။

## ပင်လုံစာချုပ်၏ အနှစ်သာရ

ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော "ပင်လုံစာချုပ်" အရ ဗြိတိသျှကိုလိုနီ (၄) ခုကို ပေါင်းစု၍ ဖွဲ့စည်းထူထောင်ထားသော တိုင်းပြည်ဖြစ်သည်။ ထိုကိုလိုနီနယ် (၄) ခုတို့ကို နယ်ချဲ့ဗြိတိသျှတို့က သီးခြားအချိန်တွင် သီးခြားစီဖြင့် တိုက်ခိုက်သိမ်းပိုက်ပြီး ကိုလိုနီဘဝတစ်လျှောက်လုံး သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများဖြင့် သီးခြားစီအုပ်ချုပ်ခဲ့သော ကိုလိုနီများပင်ဖြစ်ကြသည်။ ယင်းတို့မှာ -

- ၁၈၉၅ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော "Kachin Hills Tribes Regulation" အရ အုပ်ချုပ်ခဲ့ သော "ကချင်တောင်တန်းဒေသ"
- ၁၈၉၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော "Chin Hills Regulation" အရ အုပ်ချုပ်ခဲ့သော "ချင်းတောင်တန်းဒေသ"
- ၁၈၈၈ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော "Shan States Act" ကို ၁၉၂၂ တွင် "Federated Shan States Act" အဖြစ် ပြင်ဆင်ပြဋ္ဌာန်း၍ အုပ်ချုပ်ခဲ့သော "ပြည်ထောင်စုရှမ်းပြည်" နှင့်
- ၁၉၃၅ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်း၍ ၁၉၃၇ ခုနှစ်တွင် အသက်ဝင် ကျင့်သုံးခဲ့သော "1935 Burma Act" အရ အုပ်ချုပ်ခဲ့သည့် ကိုလိုနီခေတ်မတိုင်ခင် မြန်မာမင်းများ ပိုင်ဆိုင်ခဲ့သည့် နယ်မြေတို့ပင် ဖြစ်ကြသည်။


THE PANGLONG AGREEMENT

Dated Panglong, the 12th.
February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

1935 Burma Act အရ အုပ်ချုပ်ခဲ့သော နယ်မြေများထဲတွင် ဗြိတိသျှကိုလိုနီခေတ် မတိုင်မီ မြန်မာမင်းများက တိုက်ခိုက်သိမ်း ပိုက်အုပ်ချုပ်ခဲ့သော မွန်ပြည်နှင့် ရခိုင်ပြည် တို့အပါအဝင် ကရင်လူမျိုးများ အများစု နေထိုင်ရာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ များ ပါဝင်ခဲ့သည်။

ကိုလိုနီခေတ်တစ်လျှောက်လုံး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်တိုင်းပြည် အဖြစ် ရပ်တည်ခဲ့သော ကရင်နီပြည် (ယခု ကယားပြည်နယ်) ကိုမူ ပင်လုံညီလာခံသို့ ဖိတ်ကြားခြင်း မပြုခဲ့ပေ။ လေ့လာသူအချို့ သာတက်ရောက်ခဲ့ကြသည်။အကြောင်းမှာ ပင်လုံညီလာခံသည် ဗြိတိသျှကိုလိုနီစနစ် အောက်တွင် လွတ်လပ်ရေး ဆုံးရှုံးခဲ့ကြ သောလူမျိုးများ၏အနာဂတ်အရေးကိုတိုင် ပင်သော ညီလာခံဖြစ်၍ လွတ်လပ်သော ကရင်နီလူမျိုးများအရေးကို တိုင်ပင်စရာ အကြောင်းမရှိသောကြောင့်ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့သည် ကိုလိုနီနယ်များ ကို လွတ်လပ်သော လူမျိုးများအဖြစ် ရှိနေ သောဘဝမှ သီးခြားအချိန်တွင် သီးခြား စီတိုက်ခိုက်ပြီး သိမ်းပိုက်ခဲ့သောကြောင့် ကိုလိုနီခေတ် ကုန်ဆုံးသောအချိန်တွင် လည်း ထိုကိုလိုနီနယ် (၄) ခုတို့သည် သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြား အမျိုးသားနိုင်ငံတော်များကို သီးခြားစီ ထူထောင်ပိုင်ခွင့် ရှိခဲ့ကြသည်။ သို့ရာတွင် ထိုကိုလိုနီနယ် (၄) ခုမှ အမျိုးသား ခေါင်းဆောင်ကြီးများသည် ၁၉၄၆ ခုနှစ် မတ်လတွင် တစ်ကြိမ်၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ "ပင်လုံ ညီလာခံ"ကြီးကို နှစ်ကြိမ်တိုင်တိုင် ကျင်းပ ၍ လွတ်လပ်ရေးကို အတူတကွ ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။


ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော "ပင်လုံစာချုပ်" သည် ကိုလိုနီခေတ်မတိုင်ခင် သီးခြား လွတ်လပ်၍ ကိုလိုနီခေတ်တစ်လျှောက်လုံး သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် အုပ်ချုပ်ခဲ့သော ဗြိတိသျှကိုလိုနီ (၄) ခုရှိ တိုင်းရင်းသားလူမျိုးများက သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ မိမိတို့၏ အမျိုးသား နိုင်ငံတောများကို သီးခြားစီ ထူထောင်ခြင်း မပြုဘဲ လွတ်လပ်ရေးကို အတူတကွ ရယူ ကာ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူ ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး များ အပြည့်အဝရှိသော ပြည်ထောင်စု နိုင်ငံတော်တစ်ခုကို အတူတကွ ထူထောင် ကြရန် ပဋိညာဉ်ပြုခဲ့ကြသော စာချုပ်ပင်ဖြစ် ပါသည်။

# ပင်လုံစာချုပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ ပင်လုံစာချုပ်သည် ၁၉၂၂ Federated Shan States Act အရ အုပ်ချုပ်ခဲ့သော ပြည်ထောင်စု ရှမ်းပြည်၊ ၁၈၉၅ Kachin Hills Tribes Regulation အရ အုပ်ချုပ်ခဲ့သော ကချင်တောင်တန်းဒေသနှင့် ၁၈၉၆ Chin Hills Regulation အရ အုပ်ချုပ်ခဲ့သော ချင်းတောင်တန်းဒေသတို့က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သာ မြန်မာပြည်ကြားဖြတ်အစိုးရနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွ ရယူကာ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုနိုင်ငံတော် သစ်တစ်ခုကို အတူတကွ ထူထောင်ကြရမည်ဟု ပဋိညာဉ်ပြုသော စာချုပ်ပင် ဖြစ်သည်။

၂။ ပင်လုံစာချုပ်အရ ပူးပေါင်းပြီး အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုတွင် အဖွဲ့ဝင်ပြည်နယ်များအဖြစ် ပါဝင်နေကြမည့် တောင်တန်းဒေသများဟု ခေါ်ဆိုခဲ့ကြသော ပြည်ထောင်စု ရှမ်းပြည်၊ ကချင်တောင်တန်းဒေသနှင့် ချင်းတောင်တန်းဒေသများ၏ မိမိတို့နယ်မြေအတွင်း အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိစေရန် "မူ" အားဖြင့် သဘောတူကြသည်။ ပင်လုံစာချုပ်တွင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့် တည်းဟူသော တောင်တန်းဒေသများအတွင်း လွတ်လပ်စွာ အုပ်ချုပ်ခွင့်နှင့် စီမံခန့်ခွဲခွင့်များကို နိုင်ငံရေးအရ အလွန်အနှစ်သာရ ပြည့်ဝသော (Full Autonomy) ဆိုသည့် အင်္ဂလိပ်စကားလုံးကို သုံးထားပါသည်။ ယင်းသည် ပင်လုံစာချုပ်အပိုဒ် (၅) ဖြစ်သည်။

၃။ ပင်လုံစာချုပ်အပိုဒ် (၆) အရ ကချင်ပြည်နယ်ကို ဖွဲ့စည်းသောအခါ ယခင် Kachin Hills Tribes Regulation အရအုပ်ချုပ်ခဲ့သော ကချင်တောင်တန်းဒေသသာမက မြစ်ကြီးနားခရိုင် နှင့် ဗန်းမော်ခရိုင်တို့ကို ကချင်ပြည်နယ်တွင် ထည့်သွင်းထားရမည်ဟူသော အချက်ဖြစ်သည်။ ယင်းအချက်သည် ပြည်ထောင်စုကို ထူထောင်ခဲ့သည့် ဖျောက်ဖျက်၍ မရသော ပင်လုံစာချုပ် ၏ သဘောတူညီချက် ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ (၆) အရ ကချင်ပြည်နယ် နယ်နိမိတ်အတွင်း မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်တို့ကို ထည့်သွင်းထားခြင်း ဖြစ်သည်။






၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သော "တောင်တန်း-ပြည်မ ပူးပေါင်းရေးစာချုပ်" ကျောက်တိုင်

၄။ ပင်လုံစာချုပ်အပိုဒ် (၇) အရ ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုကြီးတွင် အဖွဲ့ဝင်ပြည်နယ် များအဖြစ် ပါဝင်လာကြမည့် တောင်တန်းဒေသများတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်ဖြစ်ပြီး ထိုဒေသများရှိ တိုင်းရင်းသားပြည်သူလူထုနှင့် နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီအခွင့်အရေးများနှင့်ရပိုင်ခွင့်များ အပြည့်အဝ ခံစားခွင့်ရှိစေရမည်ဟု အာမခံချက်ပေးထားသည်။

၅။ ပင်လုံစာချုပ်အပိုဒ် (၈) အရ ပြည်ထောင်စုရှမ်းပြည်၏ ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ကို အာမခံချက်ထားပြီး၊ ထိုစာချုပ်အပိုဒ် (၉) အရ ကချင်တောင်တန်းဒေသနှင့် ချင်းတောင်တန်းဒေသများကို ပြည်ထောင်စု ရှမ်းပြည်ကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရရှိရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ဘဏ္ဍာရေးနှင့် သဘာဝသယံဇာတများကို မျှဝေခံစားကျင့်သုံးခွင့် ရှိစေရေးကို နည်းလမ်းရှာဖွေရန် အာမခံချက်ပေးထားသောအချက်ဖြစ်သည်။

**ရည်ညွှန်းကိုးကား။**

**ပင်လုံလက်စွဲ (၂၀၁၈)၊**

**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး**

**အဖွဲ့အစည်းများ**